# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးသို့ ဝင်ခွင့်လျှောက်ထားနိုင်ကြောင်းကြေငြာခြင်း

၁။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေး ပညာဦးစီးဌာနအောက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးသို့ ပထမဦးစားပေး လျှောက်ထားလို သူများအနေဖြင့် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့(အဆင့်မြင့်ပညာဦးစီးဌာန)မှ ထုတ်ပေး သည့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၂။ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးသို့ ပထမဦးစားပေး လျှောက်ထားသူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ပညာရေးဝန်ကြီးဌာနအောက်ရှိ လျှောက်လွှာတင်သွင်းရန် သတ်မှတ်ထားသော တက္ကသိုလ် (၂၆)ခုသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၃။ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၏ ဝင်ခွင့်ရွေးချယ်ရေးကို တက္ကသိုလ်ဝင်ခွင့်လမ်းညွှန် စာအုပ်တွင် ဖော်ပြထားသည့်အတိုင်း ရွေးချယ်မည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရှုပြီးမှသာ ဝင်ခွင့်လျှောက်ထားရန်ဖြစ်ပါကြောင်းနှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ စာအိတ်ကို **ဩဂုတ်လ (၂၅)ရက်မှ စက်တင်လာလ (၁၀)ရက်အထိ** စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) လက်ခံမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးပညာဦးစီးဌာန